## ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ သက်တမ်း၊ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

**ကော်မတီ၏ သက်တမ်း**

၂။ **ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီ**၏ သက်တမ်းသည် လွှတ်တော်၏ သက်တမ်းအတိုင်းဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်း(၁)နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါကသင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ တာဝန်များ**

၃။ ကော်မတီသည်−

(က) ပညာရေး၊ ကျန်းမာရေး မြှင့်တင်မှုဆိုင်ရာလုပ်ငန်းများ၊ အားကစားနှင့်ယဉ်ကျေးမှုတိုးတက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်၊

(ခ) ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေးတိုးတက်စေရေး၊ အားကစား၊ အမျိုးသားယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် အလေးထားကူညီဆောင်ရွက်ရမည်၊

(ဂ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန/အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိပါက လွှတ်တော်သို့တင်ပြရမည်၊

(ဃ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင်ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်၊

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို လေ့လာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၄။ ကော်မတီသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟု ယဆသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၅။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို

အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ယင်း အစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

၆။ ကော်မတီသည် ဆွေးနွေးရရှိသော မိမိကော်မတီဆိုင်ရာ လုပ်ငန်းများအတွက် လုပ်ဆောင်ဖွယ်ရာများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် လွှတ်တောဥက္ကဋ္ဌထံ ပေးပို့တင်ပြရမည်။ လွှတ်တော်သို့တင်ပြသင့်သောအခြေအနေဖြစ်က ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့် လွှတ်တော်သို့ တင်ပြရမည်၊ သို့မဟုတ် တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့ ဆောင်ရွက်ရန်ပေးပို့ရန် လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်က ဆက်လက်တင်ပြရမည်။

၇။ ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်က အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၈။ ကော်မတီအစည်းအဝေးများကို ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၉။ ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့် စပ်လျဉ်း၍-

(က) နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့်အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုများအပေါ် ပြင်ဆင်ရန်လိုအပ်ပါက သုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

၁၀။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်၊

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(ဂ) ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် သဘာပတိ တာဝန်ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးက သော်လည်းကောင်း လက်မှတ်ရေးထိုးတင်ပြနိုင်သည်၊

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ၊

(င) လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက် မရှိလျှင ဆောင်ရွက်သော လုပ်ငန်းနှင့် စပ်လျဉ်းသော ကော်မတီ၏ အစီရင်ခံစာကို ပြုစုပြီးသည့်နေ့မှစ၍ ခုနှစ်ရက်အတွင်း (ရုံးပိတ်ရက်များမပါ) လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(စ) လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ကောမတ၏ အစီရင်ခံစာကို လွှတ်တော် တွင် တင်ပြရမည်။

၁၁။ကော်မတီဝင်များသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင် ဆောင်ရွက်နိုင်ခွင့် ရှိသည်၊

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျှက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၂။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၃။ ကော်မတီဝင်များသည်–

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြား ဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။